# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 28 , 2023 | Volume 69, Number 19

## ရှမ်းပြည်နယ်ရှိ ကော်ဖီ၊ ထောပတ်သီးနှင့်ဒေသစိုက်ပျိုးရေးထုတ်ကုန် ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံး၌ ရှမ်းပြည်နယ်ရှိ ကော်ဖီ၊ ထောပတ်သီးနှင့်ဒေသစိုက်ပျိုးရေးထုတ်ကုန် ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ရှမ်းပြည်နယ်၏ ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ကော်ဖီနှင့်ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတော်မှ အားပေးမြှင့်တင်ဆောင်ရွက်လျှက်ရှိကြောင်း၊ မြန်မာ့ထောပတ်သီးများ အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် အထွက်နှုန်းတိုးတက်မြင့်မားရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဈေးကွက်တိုးချဲ့၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး၊ ပြည်ပသို့တင်ပို့ရာတွင် ဈေးကွက်နိုင်ငံ၏ လိုလားချက်နှင့်အညီ တင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံမှထွက်ရှိသော နိုင်ငံတကာအဆင့်မီ ကော်ဖီများကို အလားအလာရှိသည့် နိုင်ငံတကာဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန်

၂၈.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၅.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၅၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အတွက် လိုအပ်ချက်များကို အစိုးရဌာနများ၊ အသင်းအဖွဲ့နှင့် စိုက်ပျိုးထုတ်လုပ်သူများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေးနှင့်ဈေးကွက်ဝင်နိုင်င်၏ စံချိန်စံညွှန်းဆိုင်ရာနှင့် အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တင်ပို့နိုင်ရေးကိုလည်း ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေညောင်မြို့ မြနဒီသီးနှံအခြောက်ခံစက်ရုံသို့ သွားရောက်ကာ ပြောင်းကုန်ကြမ်းများ အခြောက်ခံသန့်စင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟဲဟိုးမြို့၊ တီခေါင်ကျေးရွာအုပ်စု၊ ဥသဃံကျေးရွာရှိ Heho Potato Co.,Ltd အအေးခန်းစက်ရုံသို့ သွားရောက်ခဲ့ပြီး အာလူးလုပ်ငန်းရှင်များအသင်းနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အာလူးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဈေးကွက်ရရှိရေး၊ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အာလူးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်တောင်သူများ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့အား ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1% E1%80%AC%E1%80% 80%E1% 80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B–

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်



မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပွဲအခမ်းအနားအား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့၊ နံနက်ပိုင်းတွင် အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြတ်သက်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြည်နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြပါသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့်လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံတို့သည် ရှေးရာစုနှစ်များစွာကပင် ချစ်ခင်ရင်းနှီးခဲ့ကြသော နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအနေဖြင့် ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ရာဘာသာလည်း တူညီကြပါကြောင်း၊ နှစ်နိုင်ငံအကြား မဲခေါင်မြစ်က ပိုင်းခြားထားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှုဖွံ့ဖြိုးခဲ့ခြင်းမရှိသော်လည်း မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်နိုင်ခဲ့ပြီးဖြစ်၍ သဘာဝအတားအဆီးကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါသဖြင့် နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုအပေါ်အခြေပြုကာ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်ရန် ယခင်ကယာယီဖွင့်လှစ်ခဲ့သည့် ကျိုင်းလပ်

နယ်စပ်ကုန်သွယ်ရေးစခန်းကို ကုန်သွယ်ရေးစခန်းအင်္ဂါရပ်များနှင့်ညီညွတ်သော စခန်းတစ်ခုဖြစ်လာစေရန် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ စခန်းရုံးအဆောက်အအုံများ တည်ဆောက်ရေးအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေမှ ထောက်ပံ့ကူညီပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြင့်လာမည့်အပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူး Mr.Ouyang Daobing ကလည်း ဝမ်းမြောက်စကားပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့တက်ရောက်လာသည့် ဧည့်သည်တော်ကြီးများက ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်း ကြေးပြားဆိုင်းဘုတ်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့တက်ရောက်လာသည့် ဧည့်သည်တော်များသည် ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းအား လှည့်လည်ကြည့်ရှုကာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်သည်အသင်းအဖွဲ့များ၊ လာအိုနိုင်ငံမှ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ထိုင်းနိုင်ငံမယ်ဆိုင် နယ်စပ်ကုန်သည်အသင်းတို့၏ ဒေသထွက်ကုန်များ ခင်းကျင်းပြသမှုအပေါ် လိုက်လံကြည့်ရှုခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့သည် မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတားသို့ သွားရောက်လေ့လာကြပြီးနောက် တာချီလိတ်မြို့ မယ်ယန်းရပ်ကွက်ရှိ ကုန်သွယ်ရေးစခန်းသို့ ဆက်လက်သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပို့ကုန်မြှင့်တင်ရေးကိစ္စရပ်များနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၌ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့်အတူ ယနေ့ညနေပိုင်းတွင် တာချီလိတ်မြို့၊ အောင်မြတ်ခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် တာချီလိတ်နယ်စပ်ကုန်သည်များအသင်းတို့မှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသ၏ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်မှုကဏ္ဍမှ ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပို့ကုန်ဈေးကွက်အား ထိုင်းနိုင်ငံဈေးကွက်အပြင် လာအိုနှင့်တရုတ်နိုင်ငံသို့ပါ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ပို့ကုန်တိုးမြှင့်တင်ပို့ရာတွင် တစ်ဖက်နိုင်ငံ ဆက်စပ်ပြည်နယ်များသာမက အခြားပြည်နယ်များအထိ မိမိပို့ကုန်များ ဖြန့်ကျက်တင်ပို့နိုင်ရေး၊ တတိယနိုင်ငံများသို့ပါ မိမိကုန်စည်များ တင်ပို့နိုင်ရေးတို့အတွက် တိုက်တွန်းပြောကြားခဲ့ပြီး ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေသည့် အခက်အခဲများ၊ ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးစေလိုသည့်ကိစ္စများနှင့် ကုန်စည်များ လွယ်ကူ

ချောမွေ့စွာသယ်ယူနိုင်ရေးနှင့် ပတ်သက်သည်များကိုတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည် လုပ်ငန်းရှင်များ၊ စုစုပေါင်း ၈၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား ကြည့်ရှုစစ်ဆေး



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ YACL အစည်းအဝေး ခန်းမ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(ခရီးသည်)၊ လေဆိပ် ပို့ကုန်(MCS)၊ လေဆိပ် သွင်းကုန် (YACL) တို့တွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## မြန်မာနိုင်ငံက ၄ လ ကျော်ကာလအတွင်း သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်းကျော်ရရှိ

မြန်မာနိုင်ငံသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဖြစ်သော ဧပြီ ၁ ရက်မှ ဩဂုတ် ၁၈ ရက်အထိ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဩဂုတ် ၂၇ ရက် ထုတ်ပြန်ချက်အရ သိရသည်။၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ကာလတူတွင် သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၂ သန်းကျော်ရရှိခဲ့ကြောင်း ဝန်ကြီးဌာနမှထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များအရ ယခုဘဏ္ဍာနှစ်တွင် သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှာ ယမန်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ကြောင်းသိရသည်။ သတ္တုတွင်းထွက်ပစ္စည်းများကို ပုဂ္ဂလိက ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၀၄ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး၊ နိုင်ငံပိုင်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အိန္ဒိယ နိုင်ငံတို့အပါအဝင် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/news/myanmar/environment-disasters-accidents/mm-23080270010/

## ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး လက်ကျန်နည်းလာခြင်းကြောင့် အမြင့်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေ

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး လက်ကျန်နည်းလာခြင်းကြောင့် အမြင့်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းပဲ၊ နှမ်း ဈေး ကွက်တစ်ခုလုံး လက်ကျန်နည်း လာခြင်းကြောင့် အမြင့်ဈေးများ ဖြင့်သာ အရောင်းအဝယ်ကောင်းနေပြီး အသစ်ဝင်နှမ်းမျိုးစုံမှာ တရုတ်ဝယ်လက်၏ ဝယ်လိုအားနှင့် နှမ်းထွက်ရှိမှုနည်းပါးခြင်းကြောင့် စံချိန်တင်ဈေးမြင့်တက်နေခြင်းဖြစ်သည်။

ဩဂုတ်လကုန်ပိုင်းတွင် ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးမြင့်တက်နေရာမှ အနည်းငယ်ကျဆင်းသွားကြောင်း၊ အသစ်ဝင်နှမ်းဖြူများမှာ ဆက်လက်ဈေးမြင့်တက်နေရာ ဂျပန်နှမ်းဖြူတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ အထိ စံချိန်တင်ဈေးကောင်းလာကြောင်း စားအုန်းဆီဈေး မြင့်တက်နေခြင်းကြောင့် ပြည်တွင်း မြေပဲဆန်ဈေးမှာလည်း လိုက်ပါဈေးမြင့်တက်နေကြောင်း၊ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးဖြင့် အရောင်းအဝယ်ပုံမှန်သာရှိနေကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲဈေးများ ဈေးပြန်အေးသွားပါတယ်၊ အသစ်ဝင်နှမ်းဖြူတွေကတော့ ဈေးဆက်ကောင်းနေပါတယ်၊ ရိုး ရိုးနှမ်းဖြူတွေလည်းတစ်အိတ်လျှင် ငွေကျပ် လေးသိန်းကျော် ပေါက်ဈေးရှိပါတယ်၊ ပို့ကုန်ပဲတီစိမ်းကတော့ ဈေးအေးနေဆဲပါ၊ တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ လောက် ပေါက်ဈေးရှိပါတယ်၊ မတ်ပဲလည်း ဈေးဆက်လက်မြင့်တက်နေပါတယ်၊ ပဲစင်းငုံကတော့ လက်ကျန်လည်းနည်းလာတော့ ဈေးကွက်ပျောက်နေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးတွေနဲ့ အရောင်းအဝယ်တည်ငြိမ်နေပါတယ်၊ မြေပဲအနီလုံးဆန်ကတော့ လက်ကျန်နည်းလာလို့ တစ်ပိဿာလျှင် ငွေကျပ်တစ်သောင်းကျော်အထိ ပေါက်ဈေးရှိလာပါတယ်" ဟု ၎င်းကပြောသည်။

ဩဂုတ် ၂၃ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ်ပြန်လည်ကျဆင်းသွားရာ ဩဂုတ် ၂၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀၊ V7 တစ် အိတ်လျှင် ငွေကျပ် ၂၇၇၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ မြေ ထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ် ငွေကျပ် ၂၄၀၀၀၀၊ မြေပဲအနီလုံး ဆန်(ဝိုင်း)တစ်ပိဿာ ငွေကျပ် ၁၀၄၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင်သီတင်းပတ်ထက် အနည်းငယ်ဈေးပြန်တက်လာရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၄၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်ပဆန်တင်ပို့မှု လိုင်စင်သစ်ထုတ်ပေးမှုကို ယာယီဆိုင်းငံ့ရန် တင်ပြထား




ပြည်တွင်းဆန်ဈေးမြင့်တက်နေမှုကို ထိန်းချုပ်ဖို့အတွက် ပြည်ပကို ဆန်တင်ပို့မှု လိုင်စင်အသစ်ထုတ်ပေးတာကို ၄၅ ရက်ကြာ ယာယီဆိုင်းငံ့သွားဖို့ တင်ပြထားတယ်လို့ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးနေလင်းကပြောပါတယ်။ လက်ရှိမှာတော့ ဆန်တင်ပို့မယ့်ကုမ္ပဏီတွေကို ပြည်ပဆန်တင်ပို့မှု လိုင်စင်အသစ်ထုတ်ပေးတာကို အခုဩဂုတ်လကုန်ကစတင်ပြီး ၄၅ ရက်ကြာ ယာယီဆိုင်းငံ့သွားဖို့ တင်ပြထားတာဖြစ်တယ်လို့ဆိုပါတယ်။

ပြည်ပဆန်တင်ပို့မှု လိုင်စင်အသစ်ကို ယာယီဆိုင်းငံ့လိုက်မယ်ဆိုရင် ပြည်တွင်းဆန်ဈေးအပေါ် အနည်းငယ်သက်ရောက်မှုရှိနိုင်မယ်လို့လည်း ဦးနေလင်းကပြောပါတယ်။ ပြည်တွင်းဆန်ဈေးကျဆင်းရေးအတွက် အရန်ဆန်ရောင်းချပေးနေတာကိုလည်း နိုင်ငံတစ်ဝန်းမှာ လုပ်ဆောင်နေပြီး

ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကိုလည်း အရန်ဆန်အိတ်ရေ နှစ်သိန်းကျော် ပေးပို့ထားတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ဆန်ဈေးနှုန်းတည်ငြိမ်စေဖို့အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ ဆန်ကုန်သည်အသင်းအဖွဲ့တွေ ပူးပေါင်းပြီး ရန်ကုန်မှာ ဩဂုတ် ၇ ရက်ကစတင်ကာ လက်လီဈေးထက် သက်သာတဲ့ဈေးနဲ့ ဆန်အိတ်တွေ ထုတ်ရောင်းပေးနေတာကလည်း အခုထိဆိုရင် ဆန်အိတ်ရေ နှစ်သောင်းလောက်ထိ ရောင်းချပေးခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

One News Myanmar မှကူးယူဖော်ပြပါသည်။

**Source: https://t.me/htwettoe**

## ၂၁.၈.၂၀၂၃ မှ ၂၅.၈.၂၀၂၃ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**ဆန်**

ဆန်ဈေးကတော့ ဆက်တိုက်မြင့်တက်နေပြီး ခုတပတ်မှာလည်း ဆန်ကြမ်း၊ ဆန်ချော အားလုံး တစ်အိတ်ကို ၅၀၀၀ ကနေ ၁၂၀၀၀ အထိ ထပ်မံမြင့်တက်လာပါတယ်။

ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှာ ဖျာပုံပေါ်ဆန်းမွှေးနှင့် ဒေးဒရဲပေါ်ဆန်းမွှေးက ၁၁၀၀၀၀ က နေ ၁၂၀၀၀၀ အထိ ဈေးပေါက်လာပြီး မြောင်းမြ/ပုသိမ် ပေါ်ဆန်းမွှေးက ၁၁၅၀၀၀ က နေ ၁၂၂၀၀၀ ကျပ်၊ ပေါ်ဆန်းနယ်စုံက တစ်အိတ်ကို ၁၀၅၀၀၀ ကနေ ၁၁၀၀၀၀ ဈေးပေါက်လာကာ ရွှေဘိုပေါ်ဆန်းကတော့ ၁၄၅၀၀၀ ကျပ်၊ ညှော့မထ ၂၅ မှတ်တန်က ၆၅၀၀၀ ကနေ ၆၈၀၀၀ ကျပ်၊ ကျားပျံရှယ်က ၁၁၇၀၀၀ ကနေ ၁၂၃၀၀၀ ကျပ်ဈေးပေါက်လာပါတယ်။ စလင်းထွက် ရောပဒေသာဆန်ကတော့ ၁၅၈၀၀၀ ကျပ်မှာ ဈေးငြိမ်နေပါတယ်။

**စပါး**

စပါးကလည်း လက်ရှိမှာ နွေစပါးအသစ်တွေ ရိတ်သိမ်းမှုပြီးဆုံးတော့မှာဖြစ်လို့ စပါးအဝယ်လိုက်နေပြီး ဈေးကလည်း အမြင့်ဈေးတန်းမှာပဲဆက်ရှိနေပါတယ်။

နွေစပါးအသစ်ဈေးအနေနဲ့ စပါးအမျိုးအစား၊ အစိုဓာတ် အနည်းအများပေါ်လိုက်ပြီး စပါး ပေါင် ၅၀ တင်း ၁၀၀ ကို ၁၇ သိန်းကနေ ဈေးတန်းစရှိပြီး မိုးစပါးအဟောင်းကတော့ စပါးတင်း ၁၀၀ ကို သိန်း ၂၀ ကနေစပြီး ရွှေဘိုပေါ်ဆန်းက သိန်း၄၀ ဝန်းကျင် ရှိတယ်လို့ သိရပါတယ်။

**မတ်ပဲ**

အရင်တပတ်က ဈေးအတက်ကြမ်းခဲ့တဲ့ မတ်ပဲကတော့ ဈေးပြန်ကျဆင်းသွားတယ်လို့သိရ ပါတယ်။ မတ်ပဲက လက်ကျန်နည်းတာ၊ မတ်ပဲအသစ်မပေါ်သေးတာလို့ ဈေးကွက်ထဲအဝင်နည်းပေမယ့် ပြည်ပ အဝယ်လိုက်နေတာကြောင့် ဈေးတက်လာတာဖြစ်တယ်လို့ ကုန်သည်တွေဆီကသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ(FAQ/RC)က တစ်တန်ကို ၂၄၃၅၅၀၀ ဈေးပေါက်ပြီး အရင်ပတ်နဲ့ ယှဉ်ရင် ၅၀၀၀၀ ကျပ်ဝန်းကျင်ဈေးပြန်ကျသွားပါတယ်။

မန္တလေးဈေးကွက်မှာလည်း မတ်ပဲ ပိဿာ ၆၀ တစ်အိတ်ကို ၂၃၂၀၀၀ ကျပ်ကနေ ၂၄၀၀၀၀ ကျပ် ဈေးတန်းရှိလို့ အရင်ပတ်ကထက် ၃၀၀၀ ကျပ် ကျသွားတယ်လို့သိရပါတယ်။

နယ်တွေမှာလည်း မတ်ပဲ ပိဿာ ၂၀ တစ်တင်းကို ၇၉၈၀၀ ကျပ်အထိမြင့်တက်လာလို့ အရင်ပတ်နဲ့ယှဉ်ရင် ၃၅၀၀ လောက် မြင့်တက်လာပါတယ်။

**ပဲစင်းငုံနီ**

အတက်ကြမ်းခဲ့တဲ့ ပဲစင်းငုံနီကလည်း ခုတပတ်မှာ ဈေးပြန်ကျသွားတယ်လို့ ကုန်စည်ဒိုင်တွေဆီက သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပက အဝယ်လိုက်နေပေမယ့် ငွေဈေးနှုန်းမတည်ငြိမ်မှုဂယက်ကြောင့်ပဲ ဈေးကလည်း အတက်အကျ မငြိမ်ဘဲဖြစ်နေတယ်လို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ အရင်တပတ်က ပဲစင်းငုံနီ တစ်တန်ကို ၃၆၅၀၀၀၀ ကျပ်အထိရှိခဲ့ပြီး ယခုတပတ်မှာတော့ တစ်တန်ကို ၃၅ သိန်းဖြစ်သွားလို့ တစ်တန်ကို ၁ သိန်း ၅၀၀၀၀ ကျပ်အထိ ဈေးပြန်ကျသွားပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲစင်းငုံနီဈေးက တစ်အိတ်ကို ၃၃၅၀၀၀ ကျပ် ဖြစ်လာလို့ အရင်တပတ်ကထက် ၅၀၀၀ ကျပ် ကျဆင်းသွားတာတွေ့ရပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကလည်း ခုတပတ်မှာလည်း ဈေးတက်လာခြင်းမရှိပဲ အကျဈေးတန်းနဲ့ငြိမ်နေတယ်လို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ခရမ်းရွှေဝါ)က တစ်ပိဿာကို ၃၅၀၀ ကျပ်၊ ပဲတီစိမ်း(ပဲခူးရွှေဝါ)က တစ်ပိဿာကို ၃၂၅၀ ကျပ် ၊ ပဲတီစိမ်း(ဝါးခယ်မ)က တစ်ပိဿာကို ၂၆၆၅ ကနေ ၃၁၇၀ ကျပ် အရင်ဈေးတန်းမှာပဲ ငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲတီစိမ်း(အညာ)တစ်အိတ်ကိုအနိမ့်ဆုံး ၁၄၅၀၀၀ ကနေ ၁၆၈၀၀၀ ကျပ်ဖြစ်လို့ အရင်တပတ်ကထက် ၂၀၀၀ လောက် ဈေးပြန်ကျသွားတယ်လို့သိရပါတယ်။

ပဲတီစိမ်းက လက်ကျန်နည်းသလို တရုတ်ကလည်း အရည်အသွေးပေါ်လိုက်ပြီး ဝယ်ယူနေလို့ ဈေးတန်းက ငြိမ်နေတာဖြစ်ကြောင်း၊ လက်ရှိမှာ မန္တလေးအနီးတဝိုက်ဒေသတွေကနေ မန္တလေးကုန်စည်ဒိုင်ဈေးကွက်ကို ပဲတီစိမ်းတွေ ဝင်ရောက်မှု ရှိနေတယ်လို့ သိရပါတယ်။

**အာလူး**

အာလူးကလည်း ဈေးကွက်မှာ ဈေးပြန်ကျသွားပေမယ့် လက်လီဈေးကွက် မှာတော့ ဈေးကျတာ မရှိသေးပါဘူး။ ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှာ အရင်တပတ်က အာလူး ၁ ပိဿာကို ၂၃၀၀ ကျပ်ရှိခဲ့ပြီး၊ ခုတပတ်မှာတော့ ၂၁၀၀ ကျပ်ကနေ ၂၁၅၀ ကျပ်အထိ ပြန်ကျလာတာဖြစ်တယ်လို့သိရပါတယ်။

လက်လီဈေးကွက်မှာတော့ တစ်ပိဿာကို ၄၀၀၀ ကျပ်အထိ ရောင်းချနေကြဆဲဖြစ်ပါတယ်။ ဘုရင့်နောင်ဈေးကွက်ကို တပတ်အတွင်း အာလူးကားအစီးရေ ၅၉ စီးဝင်ရောက်မှုရှိပြီး အာလူးကုန်ချိန် ၃၅၄၀၀၀ ရှိခဲ့တယ်လို့ သိရပါတယ်။

**ထန်းလျက်**

ထန်းလျက်ဈေးတွေလည်း ဆက်တိုက်ဈေးမြင့်တက်လာပါတယ်။ ဈေးကွက်အတွင်း ကုန်ကြမ်းရှားပါးသည့်အပြင် ဝါတွင်း ကာလ ဝယ်ယူမှုများပြားသည့်အတွက် ဈေးမြင့်တက်နေတာဖြစ်တယ်လို့ ထန်းလျက်ရောင်းချသူများထံမှ သိရသည်။ ရန်ကုန် ဈေးကွက်မှာ ထန်းလျက် (တောင်သူ၊ မလိုင်၊ ညောင်ဦး၊ ရေစကြို)တို့က တစ်ပိဿာကို ၃၇၀၀ မှ ၄၅၅၀ ကြားပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းတစ်ပိဿာကို ၅၀ မှ ၄၀၀ကြားဈေးမြင့်တက်လာသည်။

**Source:** https://t.me/htwettoe

## တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ရောင်းချမှု ပထမ ၇ လအတွင်း မြင့်တက်လာ



တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ် ထုတ်လုပ်မှုနှင့်ရောင်းချမှုများမှာ ယခုနှစ် ပထမ ၇ လအတွင်း လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း တရုတ် မော်တော်ကား ထုတ်လုပ်သူများအသင်းမှ အချက်အလက်များအရ သိရသည်။

စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်များ ရောင်းချမှုသည် အဆိုပါ ကာလအတွင်း အစီးရေ ၂.၂၆ သန်းရှိခဲ့ရာ ယမန်နှစ် အလားတူကာလထက် ၁၅.၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထုတ်လုပ်မှုပမာဏ အစီးရေ ၂.၂၅ သန်း ရှိခဲ့ပြီး ၁၆.၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အသင်း၏ အချက်အလက်များ၌ ဖော်ပြထားသည်။

အဝေးပြေးမော်တော်ကားများနှင့် ထရပ်ကားများ ထုတ်လုပ်ရောင်းချမှုများအနေဖြင့်လည်း ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဂဏန်းနှစ်လုံး တိုးတက်လာခဲ့ကြောင်း၊ အဝေးပြေးမော်တော်ကားရောင်းချမှုမှာ အစီးရေ ၂၆၂,၀၀၀ ရှိခဲ့ပြီး

ယမန်နှစ်ကာလတူထက် ၂၅.၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အချက်အလက်များအရ သိရသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ စီးပွားဖြစ်မော်တော်ယာဉ်ရောင်းချမှုမှာ ဇူလိုင်လတစ်လတည်းတွင်ပင် အစီးရေ ၂၈၇,၀၀၀ ရှိခဲ့သဖြင့် ယခင်နှစ် အလားတူ ကာလထက် ၁၆.၈ ရာခိုင်နှုန်းပိုများခဲ့သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်များ တင်ပို့မှုအနေဖြင့် ဇန်နဝါရီမှ ဇူလိုင်အတွင်း အစီးရေ ၄၁၇,၀၀၀ အထိရောက်ရှိခဲ့ကာ ယမန်နှစ်ကထက် ၃၂.၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း အချက်အလက်များ၌ ဖော်ပြထားသည်။

**Source:** https://xinhuamyanmar.com/mm-en/ne-23080260016/

## တရုတ်-လာအို ရထားလမ်းကြောင့် ထိုင်းဒူရင်း တင်ပို့မှုမြင့်တက်



လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များနှင့် ပို့ဆောင်သည့် ကြာချိန်\လျော့ကျသွားခြင်းတို့ကြောင့် ယခုနှစ် ပထမငါးလတွင် ထိုင်း-တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒူးရင်းတင်ပို့မှု ၃၆၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ထိုင်း-တရုတ်-လာအို ရထားလမ်းကြောင်းသည် ထိုင်းကုန်ပစ္စည်းများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ရန် အခွင့်အလမ်းသာနေစေသည်။ ပို့ဆောင်ချိန်ကို ကုန်းလမ်းမှထရပ်ကားဖြင့် ပို့ဆောင်ပေးခဲ့ရစဉ်က နှစ်ရက်ကြာမြင့်ခဲ့သည်။ ယခုအခါ ရထားဖြင့်ပေးပို့ရာ၌ ၁၅ နာရီအောက်သာ ကြာတော့သည်။ တရုတ်-လာအို ရထားလမ်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပြေးဆွဲခဲ့သည်။

လာအိုနယ်စပ်အနီး နွန်ခိုင် ကုန်းတွင်းဆိပ်ကမ်းမှတဆင့် နယ်ခြားကိုဖြတ်ကျော်သည့် ပို့ကုန်စုစုပေါင်းတန်ဖိုးသည် ၂၀၂၁ ခုနှစ်တွင် ဘတ် ၉၀.၄၁ (ကန်ဒေါ်လာ ၂.၅၅ သန်း) ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဘတ် ၁.၉၆ ဘီလီယံ (ကန်ဒေါ်လာ ၅၅ သန်း) သို့ ခုန်တက်သွားသည်။

ထိုင်းမှတင်ပို့သော ဒူးရင်းအပါအဝင်အသီးများသည် အာဆီယံ-တရုတ် လွတ်လပ်ကုန်သွယ်ရေးဇရိယာနှင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP)တို့မှ ခံစားခွင့်များကို ရရှိသည်။

တရုတ်-လာအို မီးရထားလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ဇန်နဝါရီမှ မေလအတွင်း ထိုင်းဘတ်ငွေ ၂ ဒသမ ၈၄ ဘီလီယံ (ဒေါ်လာ ၈၀ ဒသမ ၂၂ သန်း) ရှိခဲ့ပါသည်။ ယင်းတွင် ၇၂% သည် လတ်ဆတ်ဒူရင်းသီးများ တင်ပို့ခဲ့ခြင်းဖြစ်သည်ဟု ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာန Department of Trade Negotiations (DTN) က ပြောကြားသည်။

**Source: bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6751-china-lao.html

## ဘာစမာတီဆန် တင်ပို့မှုအပေါ် အိန္ဒိယအစိုးရ ကန့်သတ်ချက်ပြဋ္ဌာန်း

အိန္ဒိယနိုင်ငံ ပြည်ထောင်စုအစိုးရမှ ပြည်ပသို့ ဘာစမာတီဆန် တစ်တန်ကို ကန်ဒေါ်လာ ၁၂၀၀ အောက်ဖြင့် ရောင်းချနေသည့် မည်သည့်ဘာစမာတီဆန်ကိုမဆို တင်ပို့မှုအား ယာယီရပ်ဆိုင်းလိုက်ကြောင်း တနင်္ဂနွေနေ့(ဩဂုတ်၂၇)တွင် ကြေညာသည်။

အဆိုပါ ဈေးနှုန်းသတ်မှတ်ချက် တစ်တန်ကို ကန်ဒေါ်လာ ၁၂၀၀နှင့်အထက် ဈေးနှုန်းဖြင့် ချုပ်ဆိုထားသော စာချုပ်များကို တင်ပို့မှုများ ဆက်လက် ခွင့်ပြုထားမည် ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွ င်ဘာစမာတီဆန်ကို ကန်ဒေါ်လာ ၄.၇၉ ဘီလီယံကျော်ဖိုး တင်ပို့ခဲ့ပြီး အများစုမှာ အရှေ့အလယ်ပိုင်းနှင့် အမေရိကန်သို့ တင်ပို့ခဲ့သည်။

ယခုအခါ အိန္ဒိယသည်

• ဆန်ကွဲ တင်ပို့မှု၊

• ဘာစမာတီ မဟုတ်သော ဆန်ဖြူ တင်ပို့မှု၊

• တစ်တန်ကို ကန်ဒေါ်လာ ၁၂၀၀ အောက် ဈေးနှုန်းဖြင့် ဘာစမာတီဆန်တင်ပို့မှုတို့ကို ပိတ်ပင်ထားပါသည်။

ဘာစမာတီ ပြည်ပတင်ပို့မှုဆိုင်ရာ စည်းမျဉ်းသစ်သည် ဘာစမာတီ မဟုတ်သော ဆန်များကို ရနံ့မွှေးဘာစမာတီဆန်မျိုးစိတ် များဟု စာရင်းပြကြေညာပြီး တင်ပို့နေကြခြင်းများရှိနေသည့်အတွက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုအခြင်းအရာကို Food Industry Guide တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

တစ်တန်လျှင် ကန်ဒေါ်လာ ၁၂၀၀ အောက် ဈေးနှုန်းဖြင့် စာချုပ်ထားသော ဘာစမာတီဆန် တင်ပို့မှုများကို စိုက်ပျိုးရေးနှင့် ပြုပြင်ပြီး စားသောက်ကုန်ထုတ်ကုန်များ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ Agriculture and Processed Food Products Export Development Authority (APEDA) က ကော်မတီတရပ်ဖွဲ့စည်းစစ်ဆေးစိစစ်ပြီး ဘာစမာတီဆန် ဟုတ်မှန်ပါက ခွင့်ပြုပေးမည်ဖြစ်သည်။

**Source: Hindustan Times**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6756-basmati-rice.html

## ဂျပန်ပင်လယ်စာ ပိတ်ပင်ထားသော တရုတ်ပြည်သို့ ရုရှားပင်လယ်စာ ပိုမိုတင်ပို့ရန် ရုရှားမျှော်မှန်း



၂၀၁၁ ခုနှစ် မတ်လတွင် ဆူနာမီကြောင့် ပျက်စီးခဲ့သော ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေများကို ပင်လယ်ထဲသို့ လွှတ်ပေးပြီးနောက် ဂျပန်ပင်လယ်စာများတွင် ရေဒီယို သတ္တိကြွ ဘေးသင့်နိုင်ဖွယ်ရှိသည်ဟုဆိုကာ တရုတ်က ပိတ်ပင်လိုက်သည်။

ဂျပန်ပင်လယ်စာ ပိတ်ပင်ထားစဉ် ရုရှားက ရုရှား ပင်လယ်စာ\များကို တရုတ်သို့ ပိုမိုတင်ပို့နိုင်မည်ဟု မျှော်မှန်းထားသည်။

ရုရှားသည် တရုတ်နိုင်ငံသို့ ပင်လယ်ထွက်ပစ္စည်း အများဆုံးတင်သွင်းသည့် နိုင်ငံများထဲမှာပါဝင်သည်။ ရုရှားကုမ္ပဏီ ၈၉၄ ခုကို တရုတ်အာဏာပိုင်တို့က တရုတ်ပြည်သို့ ပင်လယ်စာတင်ပို့ရန် အတည်ပြု ခွင့်ပြုပေးထားသည်။ ရုရှားမှ စားသောက်ကုန်ဘေးကင်းရေး အဖွဲ့အစည်း Rosselkhoznadzor က ကုမ္ပဏီအရေအတွက် ထပ်တိုးနိုင်ရန် ကြိုးပမ်းနေကြောင်း ပြောကြားသည်။ "ယေဘုယျအားဖြင့် တရုတ်ဈေးကွက်သည် ရုရှားငါးထုတ်ကုန်များအတွက် အလားအလာရှိသည်။ တရုတ်အာဏာပိုင်တို့ထံမှ အတည်ပြုခွင့်ပြုလက်မှတ်ရကုမ္ပဏီနှင့် ငါးဖမ်းသင်္ဘောအရေအတွက်၊ ထုတ်ကုန်များ၏ပမာဏ၊ ထုတ်ကုန်အမျိုးအမည်များ ပိုများအောင် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်" ဟု Rosselkhoznadzor မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ရုရှား ပင်လယ်စာ ထုတ်ကုန်တင်ပို့မှု၏ ထက်ဝက်ကျော်ကို တရုတ်ပြည်သို့ တင်ပို့ခဲ့သည်။ ရုရှားနိုင်ငံသည် ယမန်နှစ်က ရေထွက်ကုန် မက်ထရစ်တန် ၂.၃ သန်း တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံဖိုးရှိသည်။ တရုတ်၊ တောင်ကိုရီးယားနှင့်ဂျပန်တို့ထံ အများဆုံးတင်ပို့ခဲ့သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/japan/item/6749-japan-seafood.html

# STOCK EXCHANGE (28.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Aug. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 28,657 (Shares) | 96,345,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +0 | +0.00% | 9,500 | 9,500 | 9,500 | 835 | 7,932,500 | 33,109,694 | 314,542 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,205 | 3,856,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 140 | 1,106,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 517 | 878,900 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 12 | 29,400 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 60 | 138,000 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,800 | 4,900 | 4,800 | 258 | 1,238,900 | 10,497,598 | 51,438 |
| MAEX | 00008 | 1,850 | -50 | -2.63% | 1,850 | 1,850 | 1,850 | 630 | 1,165,500 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.74 | -0.63 | -0.16% | 394.74 | 394.74 | 394.18 | 3,657 | 16,345,200 | 8 | 744,555 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 28th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 28,657 (Shares) | 96,345,200 (MMK) |

## Main Board

As of 1:00 pm, 28th Aug. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 28,657 (Shares) | 96,345,200 (MMK) |

| MYANPIX | 394.74 ▼ 0.63 |
|---|---|
| Total Volume (shares) | 3,657 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 744,555 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |
| MAEX | 00008 | 1,850 | ▼ 50 |